
# "တစ်ဇုန်တစ်လမ်း"တွင် စက္ကူညှပ်အနုပညာသည် ပန်းပွင့်သကဲ့သို့ ဝေဆာနေ

ကက်ကြေးတစ်ချောင်း၊ အရောင်စာရွက်တစ်ရွက်၊ အနုပညာသမား၏လက်ဖြင့် "တစ်ဇုန်တစ်လမ်း"ကို အဓိက အကြောင်းအရာအဖြစ်ဖော်ပြသော အနုပညာပန်းတစ်ပွင့်ပွင့်သည် စာရွက်ပေါ်၌ ပုံပေါ်လာသည်။. . . . ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် "တစ်ဇုန်တစ်လမ်း" စက္ကူညှပ်အနုပညာပြပွဲကို ကူမင်းမြို့ ပြတိုက်၌ပြသခဲ့သည်ဖြစ်သဖြင့် ယခုအကြိမ်ပြသခြင်းသည် ယူနန်ပြည်နယ် အတွင်းအပမှလာသော စက္ကူညှပ်ပညာရှင်တို့၏လက်ရာ(၁၆၀)ကျော်ကို ပြသခဲ့ပါသည်။ မြို့သားများအတွက် အမြင်အာရုံကို အစာကျွေးသည်သာမက ပိုးလမ်းမကြီးထံသို့လည်း ချစ်ကြည်ရေး မေတ္တာကို ပို့ဆောင်ပေးသွားသည်။

ကူမင်းပြတိုက်တွင် "တစ်ဇုန်တစ်လမ်း" စက္ကူညှပ်အနုပညာပြပွဲသို့ လာရောက်အားပေးကြသော မြို့သူမြို့သားများပြားသည်ကို သတင်းထောက်က တွေ့ရပါသည်။ ပြတိုက်အတွင်းတွင် 'တိုင်းရင်းသားဆယ့်ခြောက်ခု' ၊'ရှေးနှင့်ယခုခေတ်ပိုးလမ်းမကြီး' ၊' တစ်ဇုန်တစ်လမ်းတွင်ဖူးပွင့်သောပန်း' ဟူသောစက္ကူညှပ်လက်ရာပေါင်း (၁၆၀)ကျော်ရှိပါသည်။ ၎င်းအနက်အသေးဆုံး (၃၀)စင်တီမီတာ အောက်ရှိသောလက်ရာနှင့် အကြီးဆုံး (၈)မီတာအထက်ရှည်သော လက်ရာလည်းရှိသည်။ "တစ်ဇုန်တစ်လမ်း" တစ်လျှောက်နိုင်ငံများ၏ နိုင်ငံပန်းအပွင့် (၆၀)ပွင့်ကိုလည်း စက္ကူညှပ်ပညာဖြင့် ဖော်ပြထားပါသည်။ စက္ကူညှပ်အနုပညာရှင်များ၏လက်ရာဖြင့် ပိုးလမ်းမကြီး၏ပုံပြင်များကို ရေးဆွဲဖော်ပြခဲ့ပါသည်။

"ဤနေရာမှပြထားသော လက်ရာတိုင်းဟာ ကျွန်တော့်ကိုအထူးအံ့သြစေပါတယ်။ ထူးဆန်းသောအတွေးအခေါ်၊ လက်ရာမြောက်သောအနုပညာ၊ လက်ရာများမှ ဖော်ပြလာသောယဉ်ကျေးမှုအောက်ခံများသည် ကျွန်တော့်အတွက် အတွေးအသစ်များစွာထွက်ပေါ်လာစေပါတယ်။"ဟု မြို့သူမစ္စဟော်က ပြောသည်။ မစ္စဟော်သည် စက္ကူညှပ်အနုပညာကို အထူးကြိုက်နှစ်သက်သူတစ်ဦးဖြစ်ရာ ယင်းသည် သူမကပြပွဲကိုဒုတိယအကြိမ် လာရောက်ကြည့်ရှုခြင်းပင်ဖြစ်ပါသည်။




" 'တစ်ဇုန်တစ်လမ်းပေါ်ရှိတိုင်းရင်းသားဓလေ့တူလုံအမျိုးသမီး"ဟူသော ပုံသည် ရေပြောင်ညီညှပ်နည်းဖြင့်ညှပ်ထားသည်ဟု လုံးဝမထင်ရပါ။ ဤပုံတွင် သက်ဝင်လှုပ်ရှားစွာဖြင့် တူလုံတိုင်းရင်းသားအဖွားအို၏ပုံရိပ်ကို ပရိသတ်များအားလုံးမျက်စိရှေ့တွင် ဖော်ပြနိုင်ခဲ့သည်။" ဟု ယူနန်စီးပွားရေး တက္ကသိုလ်ကျောင်းသားရှောင်တင်က လက်ရာကိုရှုစားပြီးနောက် အထူးချီးကျူးခဲ့ပါသည်။ ယခုခေတ်ဟာ စက္ကူညှပ်အနုပညာကဲ့သို့သော တရုတ်ရိုးရာအနုပညာများအတွက် ခွန်အားအသစ်များကို သယ်ယူလာပေးပြီး ထိုဆန်းသစ်သော အယ်လီမန့်များသည် လူငယ်များ၏ဓလေ့ရိုးရာအပေါ်တွင်ထားရှိသော အသိအမြင်ကိုပြောင်းလဲနိုင်သည်သာမက ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားယဉ်ကျေးမှုအပေါ်ကိုလည်း စိတ်ဝင်စားစေနိုင်သည်ဟု ရှောင်တင်ကသတင်းထောက်အားပြောပြသည်။



"ပြည်သူချင်းစိတ်နှလုံးချင်းဆက်သောယဉ်ကျေးမှုလမ်းကို ခင်းပေးမှသာလျှင် အချင်းချင်းကိုအကျိုးပေးသော စီးပွားရေးလမ်းကြောင်းကို ဖောက်ထွင်းနိုင်မည်ဖြစ်သည်။"ယခုအကြိမ်လက်ခံကျင်းပသော ကူမင်းမြို့ဖန်လုံဇုန်ဟောရှိတိုင်းရင်းသားယဉ်ကျေးမှုဓလေ့ရိုးရာရုံးမှ သက်ဆိုင်ရာတာဝန်ရှိသူက သတင်းထောက်ကိုပြောပြသည်မှာ- စက္ကူညှပ်ပညာသည် တရုတ်နိုင်ငံ ထူးခြားချက်အရှိဆုံးသော ယဉ်ကျေးမှုအမှတ်အသားအနက် တစ်ခုဖြစ်ပါသည်။ ယခုအကြိမ်ပြသခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော စက္ကူညှပ်အနုပညာကို ပိုမိုကောင်းစွာ ဆက်ခံနိုင်သည်သာမက ဤအနုပညာဖြင့်" တစ်ဇုန်တစ်လမ်း"ဆောက်လုပ်ရေး အတွေးကို ပိုမိုသက်ဝင်သိသာစွာဖြင့် ဖော်ပြနိုင်ပြီး ယူနန်၏ကြာရှည်သော သမိုင်းကြောင်း၊ တောက်ပသောယဉ်ကျေးမှုနှင့် သဘာဝရှုခင်းပုံရိပ်များကိုကြော်ငြာကာ ယူနန်မှနိုင်ငံအသီးသီးပြည်သူများနှင့် ချစ်ကြည်စွာဖလှယ်လိုသော သတင်းအချက်အလက်များကို ဖြန့်ချီပေးလိုခြင်းဖြစ်ပါသည်။

သတင်းထောက် ဆူဝမ်၊ လျောကျီယူ

# ယူနန်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းတို့သည် အိန္ဒိယနှင့် မြန်မာသို့သွားရောက်ပြီး ထိုက်ကျီသိုင်းကောလိပ်၏ကျောင်းခွဲကိုတည်ဆောက်ဖွင့်လှစ်မည်

ကျုံးရှင်းကွန်ယက်၏သတင်းအရ သိရသည်မှာ- လွန်ခဲ့သောရက်ပိုင်း အချိန်တွင် ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်ထိုက်ကျီသိုင်းအများ ရွေးချယ်နိုင်သော သင်တန်းသည် တရားဝင်စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ တိုက်ကျီသိုင်းကောလိပ်စီမံခန့်ခွဲမှု ဒုကျောင်းအုပ်ကြီးလောဟိုင်ပင်သည် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တင်ပြသည်မှာ- ၎င်းကောလိပ်သည် ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံစသည့် နိုင်ငံများအတွင်းရှိတက္ကသိုလ်ကျောင်းများနှင့်ဌာနများတွင် အပြည်ပြည်ဆိုင်ရာ ထိုက်ကျီသိုင်းကောလိပ်ကျောင်းခွဲများကိုတည်ထောင်ရန် စီမံကိန်းရေးဆွဲထားကြောင်း၊ နိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်မှုများကို အားစိုက်ဆောင်ရွက်သွားမည်ကြောင်း ပြောကြားပါသည်။

လောဟိုင်ပင်က ဆက်လက်ပြောကြားသည်မှာ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် ၂၀၁၆ခုနှစ်ဧပြီလတွင် အပြည်ပြည်ဆိုင်ရာထိုက်ကျီသိုင်းကောလိပ်ကို တည်ထောင်ခဲ့ပြီး ထိုက်ကျီသိုင်းမဟာဘွဲ့၊ ဒေါက်တာဘွဲ့ရရှိနိုင်သော လူချွန်များမွေးထုတ်ပေးသော စနစ်ကို တဆင့်ချင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိအချိန်တွင်ပြည်တွင်း၌ဦးဆောင်သောအဆင့်သို့ ရောက်ရှိပါသည်။ ၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင်"တစ်ဇုန်တစ်လမ်း"စီမံကိန်းကို တက်ကြွစွာ ပါဝင်ဝန်ဆောင်ပေးရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၎င်းကောလိပ်သည် အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ စသည့်နိုင်ငံများသို့ သွားရောက်ပြီး ထိုက်ကျီသိုင်းကောလိပ်ကျောင်းခွဲများတည်ထောင်မည်ကို စီမံပါသည်။

သင်တန်းကို သင်ကြားပို့ချသော ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်အပြည်ပြည်ဆိုင်ရာ ထိုက်ကျီသိုင်းကောလိပ်မှ ဆရာကူလီကတင်ပြသည်မှာ ထိုက်ကျီသိုင်းပညာသည် အတွင်းအားကျင့်သော သိုင်းတစ်မျိုးဖြစ်သည်။ ခန္ဓာအတွင်းမှ ခန္ဓာအပြင်သို့ သိုင်းကျင့်ခြင်းသည် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေသည်သာမက ကိုယ်ကျင့်တရားကိုပါ လေ့ကျင့်ပေးနိုင်ပါသည်။ ထိုက်ကျီသိုင်း၏သိုင်းကွက်တိုင်းတွင် တရုတ်နိုင်ငံ၏နက်ရှိုင်းသော သိုင်းပညာယဉ်ကျေးမှုများပါဝင်နေပါသည်။ လူအုပ်စုမျိုးစုံအတွက်သင့်တော်ပါသည်။ ထိုသိုင်းပညာကို စိတ်အားထက်သန်စွာဖြင့်ရေရှည်လေ့ကျင့်ပါက အကျိုးသက်ရောက်မှုမြင့်မားမည်ဖြစ်သည်။

သတင်းထောက် ချိန်ကျင်။